Australian Government | Australian Charities and Not-for-profits Commission

ACNC
နှင့်ပရဟိတအသင်းဝတ္တရားများ

ACNC ဟုခေါ်သော ပရဟိတနှင့် အမြတ်မဖက် အဖွဲ့များဆိုင်ရာ ဩစတြေးလျ ကော်မရှင်ဟာ ပရဟိတအသင်းများအား နိုင်ငံတော်အဆင့် ကြီးကြပ်ရေးအဖွဲ့ ဖြစ်ပါတယ်။ ကျွန်ုပ်တို့က ပရဟိတအဖွဲ့များအား စည်းမျဉ်းများလိုက်နာရန်နှင့် ၎င်းတို့လုပ်ငန်းများ ကောင်းစွာဆောင်ရွက်နိုင်ရန် လိုအပ်သော သတင်းအချက်အလက်များ ရရှိစေရန် ပံ့ပိုးပေးပါတယ်။

ဒီစည်းမျဉ်းများက ပရဟိတအသင်းကို ကောင်းစွာ လည်ပတ်နိုင်စေခြင်းဖြင့် အုပ်ချုပ်မှုစနစ်ကောင်းရှိရန် အထောက်အကူ ပေးပါတယ်။ ဆိုလိုသည်မှာ ငွေကြေးများ သုံးသင့်သည့် နေရာများသို့ စီးဆင်းစေရန်၊ ပရဟိတအသင်းက ထောက်ပံ့နေသောသူများအား ဘေးကင်းဝေးစေရန်၊ ပြဿနာများ စောစီးစွာ တွေ့ရှိနိုင်ရန်၊ အသင်း ရေရှည်တည်တံ့နိုင်ရန်နှင့် အများပြည်သူအနေဖြင့် ယုံကြည်မှုရှိစွာ လှူဒါန်း သို့မဟုတ် ကူညီနိုင်ရန် တို့ကို ဖြစ်စေပါတယ်။

ကျွန်ုပ်တို့က အသင်းများကို ACNC တွင် မှတ်ပုံတင်ပေးခြင်းဖြင့် ပရဟိတအသင်း ဖြစ်စေရန်လည်း အတည်ပြုပေးပါတယ်။ မှတ်ပုံတင်ထားခြင်းဟာ ပရဟိတအသင်းအား ၎င်း၏လုပ်ငန်းများကို အထောက်အကူပြုရန် ဥပဒေဆိုင်ရာနှင့် အခွန်ဆိုင်ရာ ခံစားခွင့်များကို ရရှိစေနိုင်ပါတယ်။ ACNC က ဩစတြေးလျအခွန်ရုံး (ATO)သို့ အခွန်ဆိုင်ရာခံစားခွင့်လျှောက်လွှာများ ပို့ပေးပြီး၊ ပရဟိတအသင်းတစ်ခုအနေဖြင့် အခွန်သက်သာခွင့်များ ရနိုင် မရနိုင်ကို ATO က ဆုံးဖြတ်ပေးပါတယ်။

ACNC ဟာ ဩစတြေးလျနိုင်ငံမှာ မှတ်ပုံတင်ထားသော ပရဟိတအဖွဲ့အားလုံး၏ အခမဲ့ အွန်လိုင်း စာရင်းဖြစ်သော ACNC ပရဟိတမှတ်တမ်းစာရင်းကိုလည်း စီမံခန့်ခွဲပါတယ်။

ထိုပရဟိတမှတ်တမ်းစာရင်းမှာ ပရဟိတအဖွဲ့များ၏ ဆက်သွယ်ရေး အချက်အလက်၊ လုပ်ဆောင်နေသည့် လုပ်ငန်းများ၊ ကူညီပံ့ပိုးနေသူများ၊ အဖွဲ့ကို စီမံခန့်ခွဲသူများနှင့် ဘဏ္ဍာရေးအချက်အလက်များစသည့် အရေးကြီးသော အချက်အလက်များကို ဖော်ပြထားပါတယ်။

ပရဟိတအဖွဲ့သို့ ငွေလှူဒါန်းခြင်း သို့မဟုတ် စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ခြင်း မပြုမီ၊ ထိုအဖွဲ့သည် ACNC မှာ တရားဝင် မှတ်ပုံတင်ထားခြင်း ရှိ မရှိကို ပရဟိတမှတ်တမ်းစာရင်းတွင် ဦးစွာ စစ်ဆေးကြည့်ရန် အကြံပြုပါတယ်။

ပရဟိတအဖွဲ့ဟာ စာရင်းထဲမှာ ရှိပါက၊ သင်၏ လှူဒါန်းမှုသည် ပရဟိတအဖွဲ့စစ်စစ်သို့ ရောက်ရှိကြောင်း ယုံကြည်စိတ်ချနိုင်ပါတယ်။

ပရဟိတအဖွဲ့များအနေဖြင့် မှတ်ပုံတင်စာရင်းမှာ ဖော်ပြခံထားရခြင်းက အများပြည်သူအား သင့်အဖွဲ့၏ နောက်ဆုံးရအချက်အလက်များကို ကြည့်ရှုနိုင်ရန် ကူညီပေးပြီး၊ သင်သည် မှန်ကန်စွာ ဆောင်ရွက်နေကြောင်းကိုလည်း ဖော်ပြပေးရာ ရောက်ပါတယ်။

ပရဟိတမှတ်ပုံတင်စာရင်းမှာ နှစ်စဉ် သန်းပေါင်းများစွာသော ရှာဖွေမှုများ ရှိသောကြောင့်၊ ပရဟိတအဖွဲ့အချက်အလက်များကို မှန်ကန်စွာနှင့် နောက်ဆုံးအခြေအနေအား ထိန်းသိမ်းထားရန် အလွန်အရေးကြီးပါတယ်။

မည်သည့်နေရာသို့ ငွေလှူဒါန်းမည်၊ စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်မည် သို့မဟုတ် ပံ့ပိုးကူညီမည်ကို မဆုံးဖြတ်မီ၊ သြစတြေးလျနိုင်ငံသားများသည် ထိုအဖွဲ့ စစ်မှန်ကြောင်းကို ပရဟိတမှတ်ပုံတင်စာရင်းတွင် စစ်ဆေးကြပါတယ်။

ပရဟိတအသင်း ဝတ္တရားများ-

ပရဟိတအဖွဲ့များအနေဖြင့် ACNC မှာ မှတ်ပုံတင်ထားသောအဖွဲ့အဖြစ် ဆက်လက်ရှိနိုင်စေရန် လိုက်နာရမည့် အရေးကြီးသော စည်းမျဉ်းများ ရှိပါတယ်။

ဤတွင် ၎င်းတို့ ဆောင်ရွက်သမျှသည် ၎င်းတို့၏ ပရဟိတရည်ရွယ်ချက်ကို အထောက်အပံ့ ဖြစ်ကြောင်း သေချာစေရန်လည်း ပါဝင်ပါတယ်။ ဤရည်ရွယ်ချက်က ၎င်းတို့တည်ထောင်ခဲ့ရသည့် အကြောင်းဖြစ်ပြီး၊ ဥပမာ လူမှုအသိုင်းအဝိုင်းမှ သူများကို ကူညီရန် ဖြစ်ပါတယ်။ ၎င်းတို့သည်လည်း ဘုတ်အဖွဲ့ဝင်အသစ်များ ခန့်အပ်ခြင်း သို့မဟုတ် ဆက်သွယ်ရေးအချက်အလက်များ ပြောင်းလဲခြင်းကဲ့သို့ အရေးကြီးသည့် ပြောင်းလဲမှုများ ဖြစ်ပေါ်လာပါက ACNC ကို တင်ပြရပါမယ်။ ပရဟိတအဖွဲ့များက ဘဏ္ဍာရေးအချက်အလက်များနှင့် မိမိတို့ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများအကြောင်း

စာရွက်စာတမ်းများကို မှတ်တမ်းများ ကောင်းစွာ ထိန်းသိမ်းထားရန်လည်း လိုအပ်ပါတယ်။ မှတ်တမ်းများကို အခြားဘာသာဖြင့် သိမ်းဆည်းနိုင်သော်လည်း၊ လိုအပ်ပါက အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ရန် လွယ်ကူရပါမယ်။

ပရဟိတအဖွဲ့များဟာ လွန်ခဲ့သောနှစ်က ၎င်းတို့ လုပ်ဆောင်ခဲ့သည်များနှင့် ၎င်းတို့၏ငွေကို အသုံးပြုခဲ့ပုံအား ရှင်းပြသည့် အွန်လိုင်း နှစ်ပတ်လည်သတင်းထုတ်ပြန်ချက်ကို နှစ်စဉ် တင်သွင်းရပါမယ်။

မှတ်ပုံတင်ထားသောပရဟိတအဖွဲ့များက ပရဟိတအဖွဲ့ကို စီမံအုပ်ချုပ်ပုံကို သတ်မှတ်ထားသော အုပ်ချုပ်မှုဆိုင်ရာ စံနှုန်း ခြောက်ချက်ကို လိုက်နာရပါတယ်။ နိုင်ငံရပ်ခြား ဆောင်ရွက်မှုရှိသည့် သို့မဟုတ် ငွေပို့သည့် ပရဟိတအဖွဲ့များက ပြင်ပစီမံမှုစံနှုန်းများဟုခေါ်သော နောက်ထပ် စံနှုန်း လေးချက်ကို လိုက်နာရပါတယ်။

၎င်းတို့ဟာ ပရဟိတကဏ္ဍတွင် ရိုးသားမှုနှင့် ပွင့်လင်းမြင်သာမှုအစဉ်အလာ တည်ဆောက်ရန် ကူညီပေးသောကြောင့် မှတ်ပုံတင်ထားသောပရဟိတအဖွဲ့များသည် ထိုစံနှုန်းများကို နားလည်ပြီး လိုက်နာရန် အရေးကြီးပါတယ်။